State of Michigan
Attorney General Dana Nessel

**ချက်ခြင်းထုတ်ပြန်ရန်**
၂၀၂၀ ခုနှစ်၊ မတ်လ ၂၆ ရက်၊ ကြာသပတေးနေ့

# AG Nessel မှ မီချီဂန်ဒေသခံများထံသို့ ထုတ်ပြန်ကြေညာချက် - အလုပ်သမားရပိုင်ခွင့်များအကြောင်း သိကောင်းစရာ

**LANSING** – မီချီဂန်ပြည်နယ်အစိုးရရှေ့နေချုပ်ဌာနသည် အိမ်တွင်နေပါ၊ လုံခြုံစွာနေပါ ဟူသော မြို့တော်ဝန် Gretchen Whitmer ၏ အမိန့်ကြော်ငြာစာဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ တရားဝင်အခွင့်အလမ်းများ နှင့်ပတ်သက်၍ သတင်းအချက်အလက်နှင့် မေးခွန်းများကိုဖြေဆိုပေးရန် သင့်အလုပ်သမားရပိုင်ခွင့်များအကြောင်း သိကောင်းစရာ အပိုင်းကို ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း ပြည်နယ်အစိုးရရှေ့နေချုပ် Dana Nessel မှ ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

အမိန့်စာဖြင့် မည်သည့်အလုပ်သမားများကို "အရေးပါသောအခြေခံအလုပ်သမားများ" ဟု သတ်မှတ်ယူဆကြောင်းနှင့် အိမ်အပြင်ဘက်တွင် အလုပ်လုပ်ရန် ခွင့်ပြုကြောင်းအပါအဝင် သက်ဆိုင်သော အချက်အလက်များ၊ အလုပ်သမားရပိုင်ခွင့်များနှင့် အလုပ်ရှင်တာဝန်များအကြောင်း အမေးများသော မေးခွန်းများနှင့် တရားဥပဒေစီရင်ရေးနှင့် ပြည်နယ်အစိုးရရှေ့နေများအတွက် အဆိုပြုသည့် အလေ့အထများကိုလည်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထား သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ 2019 (COVID-19) ကူးစက်ပျံ့ပွားမှုလျော့နည်းစေရန်နှင့် မီချီဂန်ဒေသခံများ၏ အများပြည်သူကျန်းမာရေးနှင့် လူမှုဖူလုံရေးကိုကာကွယ်ရန် အိမ်တွင်နေပါ၊ လုံခြုံစွာနေပါ ဟူသော အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အမိန့်အား သဘောဆန္ဒအလျောက် ရည်ရွယ်ချက်ရှိရှိတမင်ချိုးဖောက်မှုများတွင် ချိုးဖောက်မှုတစ်ခုစီတိုင်းအတွက် ဒဏ်ကြေး အမေရိကန်ဒေါ်လာ ၅၀၀ နှင့်/သို့မဟုတ် ထောင်ဒဏ် ရက် ၉၀ ကျခံရမည်။

"အလျင်အမြန်ပြောင်းလဲနေသည့်အတိုင်းအတာအတွင်း အမိန့်ကြော်ငြာစာနှင့် အခြားပြည်နယ်ဥပဒေသည် အလုပ်သမားများအတွက် တိကျမှန်ကန်သောကာကွယ်မှုများကို ပေးပြီး နေထိုင်သူတိုင်းအနေဖြင့် ယင်းတို့၏ ရပိုင်ခွင့်များကို နားလည်သိရှိရန် အရေးကြီးသည်" ဟု Nessel မှ ပြောကြားခဲ့သည်။ အထူးသဖြင့် အဆိုပါ

ကပ်ရောဂါသည် စိန်ခေါ်မှုအသစ်များနှင့် မေးခွန်းအသစ်များဆက်လက်ထွက်ပေါ်စေမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အားလုံး အတူတကွပူးပေါင်းဆောင်ရွက်သည့်အခါတွင် မအောင်မြင်နိုင်စရာမရှိဟု ယုံကြည်ပါသည်။"

အိမ်တွင်နေပါ၊ လုံခြုံစွာနေပါဟူသော မြို့တော်ဝန်၏ အမိန့်ကြော်ငြာစာဖြင့် အသက်မွေးရန် သို့မဟုတ် ကာကွယ်ရန် မလိုအပ်သော ကိုယ်တိုင်လုပ်ဆောင်မှုကို တားမြစ်သည်။ အလုပ်သမားအား အရေးပါသော အခြေခံ အလုပ်သမားအဖြစ် သူ သို့မဟုတ် သူမ၏ အလုပ်ရှင်မှ သတ်မှတ်ခန့်အပ်ခြင်းမရှိပါက ထိုအလုပ်သမားကို အိမ်အပြင်ဘက်တွင် အလုပ်လုပ်ရန် လက်မခံနိုင်ပါ။ ဤအမိန့်ကြော်ငြာစာ၏ သဘောဆန္ဒအလျောက် ရည်ရွယ်ချက်ရှိရှိ တမင်ချိုးဖောက်မှုများသည် ပြစ်မှုမြောက်ပြီး ရာဇဝတ်မှုဆိုင်ရာ တရားဥပဒေစီရင်ရေးသို့ အစီရင်ခံတင်ပြမည်ဖြစ်သည်။

ထို့အပြင် မီချီဂန်အလုပ်အကိုင်လုံခြုံရေးနှင့် ကျန်းမာရေးဥပဒေ(MIOSHA) အရ အလုပ်သမားများအတွက် ရှိနိုင်သော မည်သည့်အခွင့်အလမ်းကိုမဆို ကျင့်သုံးရန်အတွက် အလုပ်ရှင်များအနေဖြင့် အလုပ်သမားများအား ခွဲခြားဆက်ဆံခြင်းကို မီချီဂန်ဥပဒေမှ တားမြစ်ထားသည်။ ယေဘုယျအားဖြင့် မီချီဂန်ဥပဒေတွင် "အလုပ်သမား၌ ဖြစ်ပေါ်လာသည့် သို့မဟုတ် ဖြစ်ပေါ်လာနိုင်ချေရှိသည့် သိရှိသောဘေးအန္တရာယ်များ၊ သေဆုံးခြင်း သို့မဟုတ် ဆိုးဝါးသောရုပ်ပိုင်း ဆိုင်ရာအန္တရာယ်မှ လွတ်မြောက်သော အလုပ်အကိုင်နေရာ''နှင့်အတူ အလုပ်သမားတိုင်းကို ထောက်ပံ့ပေးမည့် အလုပ်ရှင်များလိုအပ်သည်။

အလုပ်သမားသည် ယင်းတို့၏ အလုပ်သမားများအား ခြိမ်းခြောက်မှုအမျိုးမျိုးကို တွေ့ကြုံ ခြင်းမှကာကွယ်ရန် မှန်ကန်သောကာကွယ်ရေးများကို အလုပ်ရှင်အနေဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိဟု ယူဆပါက အလုပ်သမားများအနေဖြင့် MIOSHA အွန်လိုင်းဖြင့် တိုင်ကြားစာ တင်နည်းကို လေ့လာနိုင်သည်။

အိမ်တွင်နေပါ၊ လုံခြုံစွာနေပါဟူသော အမိန့်ကြော်ငြာစာအရ လူတို့လုပ်ဆောင်ရမည့်ဆောင်ရန်၊ ရှောင်ရန် ဆောင် ရွက်မှုများကို ဤနေရာအွန်လိုင်းတွင်ရရှိနိုင် မည်ဖြစ်ပြီး အမိန့်စာကို ဤတွင် ရရှိနိုင်ကာ ၊ အဆိုပါအမိန့်အကြောင်းနှင့် ပတ်သက်၍ အမေးများသောအမေးအဖြေများကို ဤတွင် ရရှိနိုင်သည်။

ပြည်နယ်အစိုးရရှေ့နေချုပ်၏ အလုပ်သမားရပိုင်ခွင့်များအကြောင်း သိကောင်းစရာများ ကို ဝက်ဘ်ဆိုဒ်တွင် ဖတ်ရှုရန် နှိပ်ပါ။

အခြားအမိန့်များအား ချိုးဖောက်မှုများကို ကျူးလွန်ထားသော ရာဇဝတ်မှုဆိုင်ရာချိုးဖောက်မှုများကို တရားစီရင်ရေးသို့အစီရင်ခံတင်ပြသော်လည်း ပြည်နယ်အစိုးရရှေ့နေချုပ်ရုံးသည် ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလိမ်အညာအတုအယောင်များ နှင့်ပတ်သက်၍ စားသုံးသူတိုင်ကြားချက်များကိုလည်း ဆက်လက်လက်ခံသတ်မှတ်ပေးမည်ဖြစ်သည်။ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလိမ်အညာအတုအယောင်

တိုင်ကြားချက်များကို ပြည်နယ်အစိုးရရှေ့နေချုပ်၏ စားသုံးသူကာကွယ်ရေးအဖွဲ့သို့ အွန်လိုင်းမှဖြစ်စေ သို့မဟုတ် ဖုန်းနံပါတ် 877-765-8388 ကို ဆက်သွယ်၍ အစီရင်ခံတင်ပြနိုင်သည်။

အမိန့်ကြော်ငြာစာအား ဘာသာပြန်ဆိုမှုကို ရှာဖွေသည့်မည်သူမဆို COVID-19 ရောဂါအကြောင်းတင်ပြသည့်ပြည်နယ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အဆိုပါအမိန့်များနှင့် FAQs များကို ပထမဆုံးဆန်းစစ်ကြည့်ရှု နိုင်သည်။ အဆိုပါစာမျက်နှာများရှိ ဝက်ဘ်လင့်ခ်များနှင့် နောက်ထပ်အချက်အလက်တို့ကို ပြည်နယ်အစိုးရရှေ့နေ ချုပ်၏ ဝက်ဘ်ဆိုက် မှတစ်ဆင့်လည်းရှာဖွေကြည့်ရှုနိုင်သည်။

သင်လိုချင်သည့်အဖြေအား ရှာမတွေ့ပါက အမိန့်ကြော်ငြာစာ၏ ဘာသာပြန်ဆိုချက်အတွက် တောင်းဆိုမှုများကို မီချီဂန်ပြည်နယ်အစိုးရ ရှေ့နေချုပ်ဌာနသို့ အီးမေးလ်ပေးပို့နိုင်သည်။

###